၇။ နောက်ဆက်တွဲလေ့ကျင့်ခန်း

***Complete the sentences by using the correct form of the verbs in brackets.***

| | | |
|---|---|---|
| 1 | (eat) | He likes __________ cakes. |
| 2 | (sew) | She likes __________ clothes. |
| 3 | (swim) | I want __________ in the river. |
| 4 | (play) | They like __________ football. |
| 5 | (watch) | Mg Mg likes __________ television. |
| 6 | (listen) | Hla Hla wants __________ to the radio. |
| 7 | (take) | He forgot __________ his umbrella. |
| 8 | (kill) | They tried __________ the snake. |
| 9 | (clean) | Daw Nu wants her son __________ his shoes. |
| 10 | (brush) | U Mya told Mg Mg __________ his teeth. |

## LESSON 16 Superlative Forms of Adjectives

**၁/ u su f [illegible]&efpu rjv ]ksh**

superlative ဆူပါးလာ့တစ်(ဗ်) *adj* (grammar) (Adjective နှင့် Adverb တို့တွင်) အသာလွန်ဆုံး အဆင့်ပြ

form ဖောမ်(မ်) *n* ပုံသဏ္ဌာန်

adjective အဲ့ဂျစ်(ခ်)တစ်(ဗ်) *n* နာမဝိသေသန

young ယန်း(ဂ်) *adj* ငယ်ရွယ်သော၊ အသက်ငယ်သော

younger ယန်းဂါး *adj* ပို၍အသက်ငယ်သော

youngest ယန်းဂစ်(စ်ထ်) *adj* အသက်အငယ်ဆုံး

old အိုး(လ်ဒ်) *adj* အိုသော၊ အသက်ကြီးသော

older အိုး(လ်)ဒါး *adj* ပို၍အသက်ကြီးသော

oldest အိုး(လ်)ဒစ်(စ်ထ်) *adj* အသက်အကြီးဆုံး၊

easy အီးဇီး *adj* လွယ်ကူသော

easier အီးဇီးယား *adj* ပို၍လွယ်ကူသော

easiest အီးဇီးယစ်(စ်ထ်) *adj* အလွယ်ကူဆုံး

cheap ချီး(ပ်) *adj* တန်ဖိုးနည်းသော၊ ပေါသော

cheaper ချီးပါး *adj* ပို၍တန်ဖိုးနည်းသော

cheapest ချီးပစ်(စ်ထ်) *adj* တန်ဖိုးအနည်းဆုံး

clean ကလီး(န်) *adj* သန့်ရှင်းသော

cleaner ကလီးနား *adj* ပို၍သန့်ရှင်းသော

cleanest ကလီးနစ်(စ်ထ်) *adj* အသန့်ရှင်းဆုံး

dirty ဒါးတီ *adj* ညစ်ပေသော

dirtier ဒါးတီးယား *adj* ပို၍ညစ်ပေသော

dirtiest ဒါးတီးယစ်(စ်ထ်) *adj* အညစ်ပေဆုံး

fast ဖား(စ်ထ်) *adj* မြန်သော

faster ဖားစတား *adj* ပို၍မြန်သော

fastest ဖားစတစ်(စ်ထ်) *adj* အမြန်ဆုံး

slow စလိုး *adj* နှေးသော

slower စလိုးဝါး *adj* ပို၍နှေးသော

slowest စလိုးဝစ်(စ်ထ်) *adj* အနှေးဆုံး

happy ဟက်ပီ *adj* ပျော်ရွှင်သော၊ ဝမ်းသာသော

happier ဟက်ပီးယား *adj* ပို၍ပျော်ရွှင်သော

happiest adj အပျော်ရွှင်ဆုံး
ဟဲက်ပီးယစ်(စ်ထ်)
wide ဝိုက်(ဒ်) adj ကျယ်သော၊ ကျယ်ဝန်းသော
wider ဝိုက်ဒါး adj ပို၍ကျယ်သော
widest adj အကျယ်ဆုံး
ဝိုက်ဒစ်(စ်ထ်)
narrow နဲရိုး adj ကျဉ်းသော
narrower နဲရိုးဝါး adj ပို၍ကျဉ်းသော
narrowest adj အကျဉ်းဆုံး
နဲရိုးဝစ်(စ်ထ်)
high ဟိုက် adj မြင့်သော
higher ဟိုက်ယား adj ပို၍မြင့်သော
highest adj အမြင့်ဆုံး
ဟိုက်ယစ်(စ်ထ်)
low လိုး adj မမြင့်သော၊ နိမ့်သော
lower လိုးဝါး adj ပို၍နိမ့်သော
lowest လိုးဝစ်(စ်ထ်) adj အနိမ့်ဆုံး
big ဘစ်(ဂ်) adj ကြီးသော
bigger ဘစ်ဂါး adj ပို၍ကြီးသော
biggest adj အကြီးဆုံး
ဘစ်ဂစ်(စ်ထ်)
funny ဖန်းနီး adj ရယ်စရာကောင်းသော
funnier ဖန်းနီးယား adj ပို၍ရယ်စရာကောင်းသော
funniest adj ရယ်စရာအကောင်းဆုံး
ဖန်းနီးယစ်(စ်ထ်)
long လွန်း(ဂ်) adj ရှည်သော
longer လွန်းဂါး adj ပို၍ရှည်သော
longest adj အရှည်ဆုံး
လွန်းဂစ်(စ်ထ်)
short ရှော့(ထ်) adj တိုသော
shorter ရှော့တား adj ပို၍တိုသော
shortest adj အတိုဆုံး
ရှော့တစ်(စ်ထ်)
tall တော(လ်) adj အရပ်ရှည်သော
taller တောလား adj ပို၍အရပ်ရှည်သော
tallest adj အရပ်အရှည်ဆုံး
တောလစ်(စ်ထ်)
cold ကိုး(လ်ဒ်) adj အေးသော
colder ကိုး(လ်)ဒါး adj ပို၍အေးသော
coldest adj အအေးဆုံး
ကိုး(လ်)ဒစ်(စ်ထ်)
brave ဘရေး(ဗ်) adj သတ္တိရှိသော
braver ဘရေးဗား adj ပို၍သတ္တိရှိသော
bravest adj သတ္တိအရှိဆုံး
ဘရေးဗစ်(စ်ထ်)
pretty ပရစ်တီ adj လှသော
prettier adj ပို၍လှသော
ပရစ်တီးယား
prettiest adj အလှဆုံး
ပရစ်တီးယစ်(စ်ထ်)
greedy ဂရီးဒီ adj လောဘကြီးသော
greedier ဂရီးဒီးယား adj ပို၍လောဘကြီးသော
greediest adj လောဘအကြီးဆုံး
ဂရီးဒီးယစ်(စ်ထ်)
busy ဘစ်ဇီ adj အလုပ်များသော
busier ဘစ်ဇီးယား adj ပို၍အလုပ်များသော
busiest adj အလုပ်အများဆုံး
ဘစ်ဇီးယစ်(စ်ထ်)
heavy ဟက်ဗီ adj လေးသော
heavier ဟက်ဗီးယား adj ပို၍လေးသော
heaviest adj အလေးဆုံး
ဟက်ဗီးယစ်(စ်ထ်)
hungry ဟန်းဂရီ adj ဆာသော
hungrier adj ပို၍ဆာသော
ဟန်းဂရီးယား
hungriest adj အဆာဆုံး
ဟန်းဂရီးယစ်(စ်ထ်)
sleepy စလီးပီး adj အိပ်ငိုက်သော
sleepier စလီးပီးယား adj ပို၍အိပ်ငိုက်သော
sleepiest adj အိပ်အငိုက်ဆုံး
စလီးပီးယစ်(စ်ထ်)


ugly အတ်ဂလီ *adj* အရုပ်ဆိုးသော
uglier *adj* ပို၍အရုပ်ဆိုးသော
အတ်ဂလီးယား
ugliest *adj* အရုပ်အဆိုးဆုံး
အတ်ဂလီးယစ်(စ်ထ်)
beautiful *adj* လှသော၊ ကောင်းသော
ဗြူးတစ်ဖှ(လ်)
more beautiful *adj* ပို၍လှသော
မော ဗြူးတစ်ဖှ(လ်)
most beautiful *adj* အလှဆုံး
မို့(စ်ထ်) ဗြူးတစ်ဖှ(လ်)
careful *adj* သတိထားသော
ကဲ(ယား)ဖှ(လ်)
more careful *adj* ပို၍သတိထားသော
မော ကဲ(ယား)ဖှ(လ်)
most careful *adj* သတိအထားဆုံး
မို့(စ်ထ်) ကဲ(ယား)ဖှ(လ်)
careless *adj* ဂရုမစိုက်သော
ကဲ(ယား)လစ်(စ်)
more careless *adj* ပို၍ဂရုမစိုက်သော
မော ကဲ(ယား)လစ်(စ်)
most careless *adj* ဂရုမစိုက်ဆုံး
မို့(စ်ထ်) ကဲ(ယား)လစ်(စ်)
difficult *adj* ခက်သော၊ မလွယ်သော
ဒစ်ဖစ်ကှ(လ်ထ်)
more difficult *adj* ပို၍ခက်သော
မော ဒစ်ဖစ်ကှ(လ်ထ်)
most difficult *adj* အခက်ဆုံး
မို့(စ်ထ်) ဒစ်ဖစ်ကှ(လ်ထ်)
interesting *adj* စိတ်ဝင်စားဖွယ်ကောင်း
အင်ထရစ်စတင်း(ဂ်) သော
more interesting *adj* ပို၍စိတ်ဝင်စားဖွယ်
မော အင်ထရစ်စတင်း(ဂ်) ကောင်းသော
most interesting *adj* စိတ်ဝင်စားဖွယ်အကောင်း
မို့(စ်ထ်) အင်ထရစ်စတင်း(ဂ်) ဆုံး
boring *adj* ပျင်းစရာကောင်းသော
ဘောရင်း(ဂ်)
more boring *adj* ပို၍ပျင်းစရာကောင်းသော
မော ဘောရင်း(ဂ်)
most boring *adj* ပျင်းစရာအကောင်းဆုံး
မို့(စ်ထ်) ဘောရင်း(ဂ်)
good ဂွတ်(ဒ်) *adj* ကောင်းသော
better ဘက်တား *adj* ပို၍ကောင်းသော
best ဘက်(စ်ထ်) *adj* အကောင်းဆုံး
bad ဘဲက်(ဒ်) *adj* ညံ့သော
worse ဝါး(စ်) *adj* ပို၍ညံ့သော
worst ဝါး(စ်ထ်) *adj* အညံ့ဆုံး
number နန်(မ်)ဘာ *n* နံပါတ်
marks မား(ခ်စ်) *n* အမှတ်များ


## ၂။ အရေးကြီးသော စကားလုံးတွဲများ

NEW ST. = NEW STREET
လမ်းသစ်
OLD ST. = OLD STREET
လမ်းဟောင်း
MAIN ST. = MAIN STREET
ပင်မလမ်း၊ လမ်းမ
the widest of the streets — လမ်းများထဲမှာ အကျယ်ဆုံး
the narrowest of the streets — လမ်းများထဲမှာ အကျဉ်းဆုံး
the highest of the aeroplanes — လေယာဉ်များထဲမှာ အမြင့်ဆုံး
the lowest of the aeroplanes — လေယာဉ်များထဲမှာ အနိမ့်ဆုံး
more interesting than — ထက် ပို၍ စိတ်ဝင်စားဖွယ် ကောင်းသော
worse than — ထက် ပိုညံ့သော
more difficult than — ထက် ပိုခက်သော

## ၃။ ပြဋ္ဌာန်းစာအုပ်ပါ ဖတ်ရန်စာ


### 1 *Read and answer the questions.*





a Tun Tun is young.
ထွန်းထွန်းသည် အသက်ငယ်သည်။
Thida is younger.
သီတာသည် ပို၍အသက်ငယ်သည်။
Soe Soe is the youngest.
စိုးစိုးသည် အသက်အငယ်ဆုံး ဖြစ်သည်။


b U San Win is old.
ဦးစံဝင်းသည် အသက်ကြီးသည်။
U Khin is older.
ဦးခင်သည် ပို၍အသက်ကြီးသည်။
U Tin Aung is the oldest.
ဦးတင်အောင်သည် အသက်အကြီးဆုံး ဖြစ်သည်။





c Which is the easiest?
ဘယ်ဟာသည် အလွယ်ဆုံး ဖြစ်သနည်း။


d Who is the most careful?
မည်သူသည် သတိအထားဆုံး ဖြစ်သနည်း။




e Which is the cheapest?
ဘယ်ဟာသည် တန်းဖိုးအနည်းဆုံး ဖြစ်သနည်း။

f Which is the cleanest?
ဘယ်ဟာသည် အသန့်ရှင်းဆုံး ဖြစ်သနည်း။

|  |  |  |
|---|---|---|
| bicycle | car | aeroplane |

g Which is the fastest?
ဘယ်ဟာသည် အမြန်ဆုံး ဖြစ်သနည်း။

|  |  |  |
|---|---|---|
| girl | man | boy |

h Who is the happiest?
မည်သူသည် အပျော်ရွှင်ဆုံး ဖြစ်သနည်း။

*Answers*

c Number 1 is the easiest. — နံပါတ် ၁ သည် အလွယ်ဆုံး ဖြစ်ပါသည်။
d Tin Tin is the most careful. — တင်တင်သည် သတိအထားဆုံး ဖြစ်ပါသည်။
e The banana is the cheapest. — ငှက်ပျောသီးသည် တန်ဖိုးအနည်းဆုံး ဖြစ်ပါသည်။
f The white shirt is the cleanest. — ရှပ်အင်္ကျီအဖြူသည် အသန့်ရှင်းဆုံး ဖြစ်ပါသည်။
g The aeroplane is the fastest. — လေယာဉ်သည် အမြန်ဆုံး ဖြစ်ပါသည်။
h The girl is the happiest. — မိန်းကလေးသည် အပျော်ရွှင်ဆုံး ဖြစ်ပါသည်။

**2 *Read the questions and answer them.***

| | | |
|---|---|---|
| 10/10 | 9/10 | 8/10 |
| Thura | Thitsa | Aye Aye |
| 2/10 | 1/10 | 0/10 |
| Nila | Su Su | Tun Tun |

Aye Aye's marks are good.
အေးအေး၏ အမှတ်များသည် ကောင်းသည်။


a Whose marks are better?
မည်သူ၏ အမှတ်များသည် ပိုကောင်းသနည်း။

b Whose marks are the best?
မည်သူ၏ အမှတ်များသည် အကောင်းဆုံး ဖြစ်သနည်း။

Nila's marks are bad.
နီလာ၏ အမှတ်များသည် ညံ့သည်။

c Whose marks are worse?
မည်သူ၏ အမှတ်များသည် ပိုညံ့သနည်း။

d Whose marks are the worst?
မည်သူ၏ အမှတ်များသည် အညံ့ဆုံး ဖြစ်သနည်း။





e Which streets are wide?
မည်သည့်လမ်းများသည် ကျယ်ကြသနည်း။

f Which streets are narrow?
မည်သည့်လမ်းများသည် ကျဉ်းကြသနည်း။

g Which is the widest of the streets?
ဘယ်ဟာသည် လမ်းများထဲတွင် အကျယ်ဆုံး ဖြစ်သနည်း။

h Which is the narrowest of the streets?
ဘယ်ဟာသည် လမ်းများထဲတွင် အကျဉ်းဆုံး ဖြစ်သနည်း။



i Which aeroplanes are high?
မည်သည့်လေယာဉ်များသည် မြင့်ကြသနည်း။

j Which aeroplanes are low?
မည်သည့်လေယာဉ်များသည် နိမ့်ကြသနည်း။

k Which is the highest of the aeroplanes?
ဘယ်ဟာသည် လေယာဉ်များထဲတွင် အမြင့်ဆုံး ဖြစ်သနည်း။

l Which is the lowest of the aeroplanes?
ဘယ်ဟာသည် လေယာဉ်များထဲတွင် အနိမ့်ဆုံး ဖြစ်သနည်း။

*Answers*

a Thitsa's marks are better.
သစ္စာ၏ အမှတ်များသည် ပိုကောင်းပါသည်။

b Thura's marks are the best.
သူရ၏ အမှတ်များသည် အကောင်းဆုံး ဖြစ်ပါသည်။

c Su Su's marks are worse.
စုစု၏ အမှတ်များသည် ပိုညံ့ပါသည်။

d Tun Tun's marks are the worst.
ထွန်းထွန်း၏ အမှတ်များသည် အညံ့ဆုံး ဖြစ်ပါသည်။

e New Street, Old Street and Main Street are wide.
လမ်းသစ်၊ လမ်းဟောင်းနှင့် လမ်းမတို့သည် ကျယ်ကြပါသည်။

f 1st Street, 2nd Street and 3rd Street are narrow.
၁-လမ်း၊ ၂-လမ်းနှင့် ၃-လမ်းတို့သည် ကျဉ်းကြပါသည်။

g Main Street is the widest of the streets.
လမ်းမသည် လမ်းများထဲတွင် အကျယ်ဆုံး ဖြစ်ပါသည်။

h 3rd Street is the narrowest of the streets.
၃-လမ်းသည် လမ်းများထဲတွင် အကျဉ်းဆုံး ဖြစ်ပါသည်။

i No. (1) aeroplane and No. (2) aeroplane are high.
နံပါတ်(၁)လေယာဉ်နှင့် နံပါတ်(၂)လေယာဉ်သည် မြင့်ကြပါသည်။

j No. (3) aeroplane and No. (4) aeroplane are low.
နံပါတ်(၃)လေယာဉ်နှင့် နံပါတ်(၄)လေယာဉ်သည် နိမ့်ကြပါသည်။

k No. (1) aeroplane is the highest of the aeroplanes.
နံပါတ်(၁)လေယာဉ်သည် လေယာဉ်များထဲတွင် အမြင့်ဆုံး ဖြစ်ပါသည်။

l No. (4) aeroplane is the lowest of the aeroplanes.
နံပါတ်(၄)လေယာဉ်သည် လေယာဉ်များထဲတွင် အနိမ့်ဆုံး ဖြစ်ပါသည်။

**3 *Read and answer the questions.***

a Tun Tun's book is more interesting than Kyaw Kyaw's. Kyaw Kyaw's book is more interesting than Zaw Zaw's.
ထွန်းထွန်း၏ စာအုပ်သည် ကျော်ကျော့်ဟာထက် ပိုစိတ်ဝင်စားဖွယ်ကောင်းသည်။ ကျော်ကျော်၏ စာအုပ်သည် ဇော်ဇော့်ဟာထက် ပိုစိတ်ဝင်စားဖွယ်ကောင်းသည်။
Whose book is the most interesting?
မည်သူ၏ စာအုပ်သည် စိတ်ဝင်စားဖွယ်အကောင်းဆုံး ဖြစ်သနည်း။

b Nila's longyi is not very beautiful. Aye Aye's longyi is more beautiful than Nila's. Thida's longyi is more beautiful than Aye Aye's.
နီလာ၏ လုံချည်သည် သိပ်မလှပါ။ အေးအေး၏ လုံချည်သည် နီလာ့ဟာထက် ပိုလှသည်။ သီတာ၏ လုံချည်သည် အေးအေးဟာထက် ပိုလှသည်။
Whose longyi is the most beautiful?
မည်သူ၏ လုံချည်သည် အလှဆုံး ဖြစ်သနည်း။

*Answers*

a Tun Tun's book is the most interesting.
ထွန်းထွန်း၏ စာအုပ်သည် စိတ်ဝင်စားဖွယ်အကောင်းဆုံး ဖြစ်ပါသည်။

b Thida's longyi is the most beautiful.
သီတာ၏ လုံချည်သည် အလှဆုံး ဖြစ်ပါသည်။

**4 *Choose the right words.***

a The boys' marks were (the worst, worst, worse) than the girls'.
b Kyaw Kyaw's marks were (good, better, the best) in the class.
c Mi Mi was (young, younger, the youngest) girl in the class.
d The last exercise was (difficult, more difficult, most difficult) than the others.
e Zaw Zaw is (old, older, the oldest) than his brother.
f Ko Ko is (bigger, biggest, the biggest) boy in the school.

*Answers*

a worse b the best c the youngest d more difficult e older
f the biggest

**5 Read.**

The children wrote some stories for Daw Than.
ကလေးများသည် ဒေါ်သန်းအတွက် ပုံပြင်အချို့ ရေးခဲ့ကြသည်။
Daw Than read them and gave them back to the children.
ဒေါ်သန်းက ၎င်းတို့ကို ဖတ်၍ ကလေးများထံသို့ ပြန်ပေးလိုက်သည်။

"Your stories were very good," she said.
"မင်းတို့ရဲ့ ပုံပြင်တွေက သိပ်ကောင်းပါတယ်" ဟု သူမက ပြောခဲ့သည်။
"Aye Aye's story was the most interesting.
"အေးအေးရဲ့ ပုံပြင်က စိတ်ဝင်စားဖွယ်အကောင်းဆုံး ဖြစ်တယ်။
I gave her ten marks.
ငါ သူမကို ၁၀ မှတ် ပေးခဲ့တယ်။
Kyaw Kyaw's was the most funny.
ကျော်ကျော့်ဟာက ရယ်စရာအကောင်းဆုံး ဖြစ်တယ်။
I gave him nine marks.
ငါ သူ့ကို ၉ မှတ် ပေးခဲ့တယ်။
Zaw Zaw's story was the shortest.
ဇော်ဇော်ရဲ့ ပုံပြင်က အတိုဆုံး ဖြစ်တယ်။
I gave him six marks.
ငါ သူ့ကို ၆ မှတ် ပေးခဲ့တယ်။
Nila's was the longest.
နီလာ့ဟာက အရှည်ဆုံး ဖြစ်တယ်။
I gave her seven marks."
ငါ သူမကို ၇ မှတ် ပေးခဲ့တယ်"

*Questions*

a Whose story was the most interesting?
မည်သူ၏ ပုံပြင်သည် စိတ်ဝင်စားဖွယ်အကောင်းဆုံး ဖြစ်ခဲ့သနည်း။
b Whose story was the longest?
မည်သူ၏ ပုံပြင်သည် အရှည်ဆုံး ဖြစ်ခဲ့သနည်း။
c Whose marks were the worst?
မည်သူ၏ အမှတ်များသည် အညံ့ဆုံး ဖြစ်ခဲ့သနည်း။
d Whose story was the shortest?
မည်သူ၏ ပုံပြင်သည် အတိုဆုံး ဖြစ်ခဲ့သနည်း။
e Whose marks were the best?
မည်သူ၏ အမှတ်များသည် အကောင်းဆုံး ဖြစ်ခဲ့သနည်း။

# LESSON 17 How much? How old? How often? etc.

## ၁။ ကျက်မှတ်ရန် စကားလုံးများ

| | | | |
|---|---|---|---|
| much | မတ်(ချ်) | *pron* | အများကြီး၊ များများ |
| et cetera | | | (အတိုကောက် etc.) |
| အက်(ထ်) ဆက်တာ့ရာ | | | စသည်၊ စသည်ဖြင့် |
| inch | အင့်(ချ်) | *n* | (တစ်)လက်မ |
| inches | အင့်ချစ်(ဇ်) | *n* | လက်မများ |
| yard | ယား(ဒ်) | *n* | (တစ်)ကိုက် |
| mile | မိုင်း(လ်) | *n* | (တစ်)မိုင် |
| pool | ပူး(လ်) | *n* | ရေအိုင် |
| swimming pool | ဆွင်းမင်း(ဂ်) ပူး(လ်) | *n* | ရေကူးကန် |
| cow | ကောင်း | *n* | နွားမ |
| sheep | ရှီး(ပ်) | *n* | သိုး၊ သိုးများ |
| empty | အင်းမ်တီ | *adj* | ဘာမျှမရှိသော၊ အလွတ်၊ ဗလာ |
| no | နိုး | *det* | မည်သည့်အရာမှ (မရှိ) |
| half | ဟား(ဖ်) | *adv* | တစ်ဝက်တစ်ပျက် |
| full | ဖွတ်(လ်) | *adj* | ပြည့်သော |
| plate | ပလိတ်(ထ်) | *n* | ပန်းကန်ပြား |
| old | အိုး(လ်ဒ်) | *adj* | အသက်အရွယ်ရှိသော |
| how | ဟောက် | *adv* | ဘယ်လောက် |
| have | ဟဲက်(ဗ်) | *v* | သင်ယူသည် |
| once | ဝမ့်(န်စ်) | *adv* | တစ်ကြိမ် |
| twice | တွိုက်(စ်) | *adv* | နှစ်ကြိမ် |
| times | တိုင်း(မ်ဇ်) | *n* | အကြိမ်များ |

## ၂။ စကားလုံးတွဲများ

| | |
|---|---|
| in a foot | တစ်ပေမှာ |
| in a yard | တစ်ကိုက်မှာ |
| in a mile | တစ်မိုင်မှာ |
| in your classroom | သင်၏ စာသင်ခန်းထဲမှာ |
| in the swimming pool | ရေကူးကန်ထဲမှာ |
| half full | တစ်ဝက်ပြည့်သော |
| on the plate | ပန်းကန်ပြားထဲမှာ |
| have Arithmetic | ဂဏန်းသင်္ချာ သင်ယူသည် |
| have homework | အိမ်စာလုပ်သည် |
| once a week | ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ် |
| twice a day | တစ်ရက်လျှင် နှစ်ကြိမ် |
| three times a day | တစ်ရက်လျှင် သုံးကြိမ် |
| with your friends | သင်၏ သူငယ်ချင်းများနှင့် |
| in your pocket | သင်၏ အိတ်ကပ်ထဲမှာ |
| on your desk | သင်၏ စာရေးစားပွဲပေါ်မှာ |

## ၃။ ပြဋ္ဌာန်းစာအုပ်ပါ ဖတ်ရန်စာ

***1 Answer the questions.***

1 How many inches are there in a foot?


တစ်ပေမှာ <u>လက်မ ဘယ်လောက်များများ/ဘယ်နှလက်မ</u> ရှိသနည်း။

How many feet are there in a yard?

တစ်ကိုက်မှာ ဘယ်နှပေ ရှိသနည်း။


How many yards are there in a mile?
တစ်မိုင်မှာ ဘယ်နှကိုက် ရှိသနည်း။
How many boys are there in your classroom?
သင်၏ စာသင်ခန်းထဲမှာ ယောကျ်ားကလေး ဘယ်နှယောက် ရှိသနည်း။
How many girls are there?
မိန်းကလေး ဘယ်နှယောက် ရှိသနည်း။

2



How many boys are there in the swimming pool?
ရေကူးကန်ထဲမှာ ယောကျ်ားကလေး ဘယ်နှယောက် ရှိသနည်း။
How many girls are there? မိန်းကလေး ဘယ်နှယောက် ရှိသနည်း။
How many children are there? ကလေး ဘယ်နှယောက် ရှိသနည်း။

3



How many horses are there? မြင်း ဘယ်နှကောင် ရှိသနည်း။
How many cows are there? နွား ဘယ်နှကောင် ရှိသနည်း။
How many sheep are there? သိုး ဘယ်နှကောင် ရှိသနည်း။
How many animals are there? တိရစ္ဆာန် ဘယ်နှကောင် ရှိသနည်း။
How many people are there? လူ ဘယ်နှယောက် ရှိသနည်း။

*Answers*

1 There are twelve inches in a foot.
ကစ်ပေမှာ တစ်ဆယ့်နှစ်လက်မ ရှိပါသည်။

There are three feet in a yard.
တစ်ကိုက်မှာ သုံးပေ ရှိပါသည်။
There are one thousand seven hundred and sixty yards in a mile.
တစ်မိုင်မှာ တစ်ထောင်ခုနစ်ရာခြောက်ဆယ်ကိုက် ရှိပါသည်။
There are thirty boys in my classroom.
ကျွန်တော့်စာသင်ခန်းထဲမှာ ယောက်ျားကလေးသုံးဆယ် ရှိပါသည်။
There are twenty girls. မိန်းကလေးနှစ်ဆယ် ရှိပါသည်။

2 There are three boys in the swimming pool.
ရေကူးကန်ထဲမှာ ယောက်ျားကလေးသုံးယောက် ရှိပါသည်။
There are two girls. မိန်းကလေးနှစ်ယောက် ရှိပါသည်။
There are five children. ကလေးငါးယောက် ရှိပါသည်။

3 There are two horses. မြင်းနှစ်ကောင် ရှိပါသည်။
There are three cows. နွားသုံးကောင် ရှိပါသည်။
There are four sheep. သိုးလေးကောင် ရှိပါသည်။
There are nine animals. တိရစ္ဆာန်ကိုးကောင် ရှိပါသည်။
There are three people. လူသုံးယောက် ရှိပါသည်။

***2 Read and answer the questions.***

1 


How much ink is there in the bottle?
ပုလင်းထဲမှာ မင် ဘယ်လောက်များများ ရှိသနည်း။
The bottle is empty. ပုလင်းသည် အလွတ် ဖြစ်ပါသည်။
There is no ink. မင် မရှိပါ။

2 


How much ink is there in the bottle?
ပုလင်းထဲမှာ မင် ဘယ်လောက်များများ ရှိသနည်း။
The bottle is half full.
ပုလင်းတစ်ဝက် ရှိပါသည်/ပုလင်းသည် တစ်ဝက် ပြည့်ပါသည်။

3 



How much ink is there in the bottle?
ပုလင်းထဲမှာ မင် ဘယ်လောက်များများ ရှိသနည်း။
The bottle is full.
ပုလင်းအပြည့် ရှိပါသည်/ပုလင်းသည် ပြည့်ပါသည်။

4 


How much tea is there in the cup?
ပန်းကန်လုံးထဲမှာ လက်ဖက်ရည် ဘယ်လောက်များများ ရှိသနည်း။

5 


How much chalk is there in the box?
ဘူးထဲမှာ မြေဖြူခဲ ဘယ်လောက်များများ ရှိသနည်း။

6 

How much milk is there in the bottle?
ပုလင်းထဲမှာ နို့ ဘယ်လောက်များများ ရှိသနည်း။

7 

How much paper is there in the cupboard?
ဗီရိုထဲမှာ စက္ကူ ဘယ်လောက်များများ ရှိသနည်း။

8 

How much rice is there on the plate?
ပန်းကန်ပြားထဲမှာ ထမင်း ဘယ်လောက်များများ ရှိသနည်း။

9 

How much milk is there in the bottle?
ပုလင်းထဲမှာ နို့ ဘယ်လောက်များများ ရှိသနည်း။

10 

How much chalk is there in the box?
ဘူးထဲမှာ မြေဖြူခဲ ဘယ်လောက်များများ ရှိသနည်း။

*Answers*

| | | |
|---|---|---|
| 4 | The cup is full. | ပန်းကန်လုံးအပြည့် ရှိပါသည်။ |
| 5 | The box is empty. | ဘူးသည် အလွတ် ဖြစ်ပါသည်။ |
| | There is no chalk. | မြေဖြူခဲ မရှိပါ။ |
| 6 | The bottle is half full. | ပုလင်းတစ်ဝက် ရှိပါသည်။ |
| 7 | The cupboard is empty. | ဗီရိုသည် အလွတ် ဖြစ်ပါသည်။ |
| | There is no paper. | စက္ကူ မရှိပါ။ |
| 8 | The plate is empty. | ပန်းကန်ပြားသည် အလွတ် ဖြစ်ပါသည်။ |
| | There is no rice. | ထမင်း မရှိပါ။ |
| 9 | The bottle is full. | ပုလင်းအပြည့် ရှိပါသည်။ |
| 10 | The box is full. | ဘူးအပြည့် ရှိပါသည်။ |

***3 Answer the questions.***

| Tun Thein | U Ba Aye | Daw Aye | Ma Tin Hla |
|---|---|---|---|
|   |   |   |   |
| eight years old | thirty-five years old | thirty years old | six years old |

a How old is Tun Thein? ထွန်းသိန်းသည် အသက် ဘယ်လောက် ရှိသနည်း။
He is eight years old. သူသည် အသက် ရှစ်နှစ်(အရွယ်) ရှိပါသည်။
b How old is Ma Tin Hla? မတင်လှသည် အသက် ဘယ်လောက် ရှိသနည်း။
c How old is Daw Aye? ဒေါ်အေးသည် အသက် ဘယ်လောက် ရှိသနည်း။
d How old is U Ba Aye? ဦးဘအေးသည် အသက် ဘယ်လောက် ရှိသနည်း။
e How tall is Tun Thein? ထွန်းသိန်းသည် အရပ် ဘယ်လောက် မြင့်သနည်း။
f How tall is Ma Tin Hla? မတင်လှသည် အရပ် ဘယ်လောက် မြင့်သနည်း။
g How tall is Daw Aye? ဒေါ်အေးသည် အရပ် ဘယ်လောက် မြင့်သနည်း။
h How tall is U Ba Aye? ဦးဘအေးသည် အရပ် ဘယ်လောက် မြင့်သနည်း။
i How old is your father? သင့်အဖေသည် အသက် ဘယ်လောက် ရှိသနည်း။
j How tall is your father? သင့်အဖေသည် အရပ် ဘယ်လောက် မြင့်သနည်း။

*Answers*

b She is six years old. သူမသည် အသက် ခြောက်နှစ် ရှိပါသည်။
c She is thirty years old. သူမသည် အသက် သုံးဆယ် ရှိပါသည်။
d He is thirty-five years old. သူသည် အသက် သုံးဆယ့်ငါးနှစ် ရှိပါသည်။
e He is four feet tall. သူသည် အရပ် လေးပေ မြင့်ပါသည်။
f She is three feet and eight inches tall.
သူမသည် အရပ် သုံးပေရှစ်လက်မ မြင့်ပါသည်။
g She is five feet and four inches tall.
သူမသည် အရပ် ငါးပေလေးလက်မ မြင့်ပါသည်။
h He is five feet and six inches tall. သူသည် အရပ် ငါးပေခြောက်လက်မ မြင့်ပါသည်။
i My father is fifty years old. ကျွန်တော့်အဖေသည် အသက်ငါးဆယ် ရှိပါသည်။
j My father is five feet and six inches tall.
ကျွန်တော့်အဖေသည် အရပ် ငါးပေခြောက်လက်မ မြင့်ပါသည်။

**4 *Answer these questions.***

How often do you have Arithmetic?
သင်တို့ ဂဏန်းသင်္ချာကို ဘယ်နှကြိမ် သင်ယူသနည်း။
We have Arithmetic once a day.
ကျွန်တော်တို့ ဂဏန်းသင်္ချာကို တစ်ရက်တစ်ကြိမ် သင်ယူပါသည်။

a How often do you wash your face?
သင် မျက်နှာကို ဘယ်နှကြိမ် သစ်သနည်း။

b How often do you comb your hair?
သင် ဆံပင်ကို ဘယ်နှကြိမ် ဖြီးသနည်း။

c How often do you have homework?
သင် အိမ်စာကို ဘယ်နှကြိမ် လုပ်သနည်း။

d How often do you play with your friends?
သင် သူငယ်ချင်းများနှင့် ဘယ်နှကြိမ် ကစားသနည်း။

e How often do you go to school?
သင် ဘယ်နှကြိမ် ကျောင်းတက်သနည်း။

f How often does your mother go to the market?
သင့်အမေ ဈေးသို့ ဘယ်နှကြိမ် သွားသနည်း။

*Answers*

a I wash my face once a day.
ကျွန်တော် မျက်နှာကို တစ်ရက်တစ်ကြိမ် သစ်ပါသည်။

b I comb my hair twice a day.
ကျွန်တော် ဆံပင်ကို တစ်ရက်နှစ်ကြိမ် ဖြီးပါသည်။

c I have homework four times a week.
ကျွန်တော် အိမ်စာကို ရက်သတ္တတစ်ပတ်လျှင် လေးကြိမ် လုပ်ပါသည်။

d I play with my friends three times a week.
ကျွန်တော် သူငယ်ချင်းများနှင့် ရက်သတ္တတစ်ပတ်လျှင် သုံးကြိမ် ကစားပါသည်။

e I go to school five times a week.
ကျွန်တော် ရက်သတ္တတစ်ပတ်လျှင် ငါးကြိမ် ကျောင်းတက်ပါသည်။

f My mother goes to the market once a day.
ကျွန်တော့်အမေသည် ဈေးသို့ တစ်ရက်တစ်ကြိမ် သွားပါသည်။

## ၄။ သဒ္ဒါရှင်းလင်းချက်

၁ 'ရေတွက်လို့ရတဲ့ Noun တွေ ဘယ်လောက်များသလဲ' လို့ မေးချင်ရင် How many ကို သုံးရတယ်။

1 *How many* books do you have?
သင့်မှာ စာအုပ် ဘယ်လောက်များများ ရှိသလဲ။

b How many books are there on your desk?

________________________________________.

c How tall are you?

________________________________________.

d How old is your friend?

________________________________________.

e How many desks are there in your classroom?

________________________________________.

f How much money is there in your pocket?

________________________________________.

### ၆။ နောက်ဆက်တွဲလေ့ကျင့်ခန်း

***Ask questions to suit the answers given below. Use the words given in brackets.***

1 There are *three* cows under the tree. (How many)
2 There is *no* ink in the bottle. (How much)
3 He bought *six* books. (How many)
4 Zaw Zaw is *fifteen* years old. (How old)
5 He is *five feet and four inches* tall. (How tall)
6 She paid *K. 500/-* for this pen. (How much)
7 U Mya drinks *three glasses of* water every morning. (How much)
8 They go to school *five times a week.* (How often)
9 There are *thirty* girls in the class. (How many)
10 They go to the cinema *twice a month.* (How often)

## LESSON 18 Ko Ko and Zaw Zaw

**၁/ u si f S&efpu r|v |klsh**

| | | | |
|---|---|---|---|
| exam | အစ်(ဂ်)ဇဲင်း(မ်) | *n* | (=examination) စာမေးပွဲ |
| do | ဒူး | *v* | ဖြေသည် |
| well | ဝက်(လ်) | *adv* | ကောင်းစွာ |
| better | ဘက်တား | *adv* | ပို၍ကောင်းစွာ |
| best | ဘက်(စ်ထ်) | *adv* | အကောင်းဆုံး |
| the best | | *n* | အကောင်းဆုံး |
| badly | ဘဲက်ဒလီ | *adv* | ညံ့ဖျင်းစွာ |
| worse | ဝါး(စ်) | *adv* | ပို၍ညံ့ဖျင်းစွာ |
| worst | ဝါး(စ်ထ်) | *adv* | အညံ့ဖျင်းဆုံး |
| the worst | | *n* | အညံ့ဖျင်းဆုံး |
| highest | ဟိုက်ယစ်(စ်ထ်) | *adj* | (အမှတ်) အမြင့်ဆုံး |
| spoke | စပုတ်(ခ်) | *v* | စကားပြောခဲ့သည် |
| clearly | ကလီးယားလီး | *adv* | ကြည်ကြည်လင်လင် |
| shouted | ရှောက်တစ်(ဒ်) | *v* | အော်ခဲ့သည် |
| other | အတ်သသား | *det* | အခြား(သူ၊ အရာ) |
| pupil | ပျူးပ့ါ(လ်) | *n* | ကျောင်းနေကလေး |
| test | တက်(စ်ထ်) | *n* | စာမေးပွဲ |

| | | | |
|---|---|---|---|
| drove | ဒရိုး(ဗ်) | *v* | ယာဉ်မောင်းခဲ့သည် |
| hard | ဟား(ဒ်) | *adv* | ကြိုးကြိုးစားစား |
| worked hard | ဝါး(ခ်ထ်) ဟား(ဒ်) | | ကြိုးစားခဲ့သည် |
| grade | ဂရိတ်(ဒ်) | *n* | အတန်း |
| everybody | အက်ဗရီဘော့ဒီ | *pron* | လူတိုင်းလူတိုင်း |
| parent | ပဲ(ယား)ရန့်(ထ်) | *n* | အမိ၊ အဖ |
| parents | ပဲ(ယား)ရန့်(ထ်စ်) | *n* | မိဖ၊ မိဖများ |
| also | အော(လ်)ဆိုး | *adv* | ထို့ပြင်လည်း |
| enjoy | အင်ဂျော(အီး) | *v* | မွေ့လျော်သည်၊ နှစ်သက်သည် |
| sum | ဆမ်း(မ်) | *n* | ဂဏန်းသင်္ချာ ပုစ္ဆာ |
| doing sums | | | ဂဏန်းသင်္ချာ ပုစ္ဆာ တွက်ခြင်း |
| correctly | ကာ့ရက်(ခ်)တလီ | *adv* | မှန်ကန်စွာ |
| ride | ရိုက်(ဒ်) | *v* | စီးနင်းသည် |
| against | အဂင်းန်(စ်ထ်) | *prep* | ဆန့်ကျင်၍၊ ယှဉ်ပြိုင်၍၊ ရင်ဆိုင်၍ |
| footballer | ဖွတ်ဘောလာ | *n* | ဘောလုံးသမား |
| Basic Education Middle School | | | အခြေခံပညာ အလယ်တန်းကျောင်း |
| win | ဝင်း(န်) | *v* | အနိုင်ရသည် |
| won | ဝမ်း(န်) | *v* | အနိုင်ရခဲ့သည် |
| game | ဂိမ်း(မ်) | *n* | ကစားနည်း |
| goal | ဂိုး(လ်) | *n* | ဂိုး |
| team | တီး(မ်) | *n* | အားကစားအသင်း |

## ၂။ ကြိယာသဏ္ဌာန်များ

| | | | |
|---|---|---|---|
| win | won | winning | အနိုင်ရသည် |
| drive | drove | driven | ယာဉ်မောင်းသည် |
| ride | rode | riding | စီးနင်းသည် |
| enjoy | enjoyed | enjoying | မွေ့လျော်သည်၊ နှစ်သက်သည် |

## ၃။ စကားလုံးတွဲများ

| | | | |
|---|---|---|---|
| did well | ကောင်းစွာ ဖြေခဲ့သည် | the worst of all | အားလုံးအနက် အညံ့ဆုံး |
| in the exam | စာမေးပွဲတွင် | against Basic Education Middle School No. (16) | အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၁၆) နှင့် ရင်ဆိုင်၍ |
| in the test | အစမ်းစာမေးပွဲတွင် | with three goals to one | သုံးဂိုး တစ်ဂိုးဖြင့် |
| in Grade 9 | အဋ္ဌမတန်းတွင် | last Saturday | လွန်ခဲ့သော စနေနေ့ |
| do their sums | ဂဏန်းသင်္ချာပုစ္ဆာများကို တွက်သည် | last week | လွန်ခဲ့သော အပတ်က |
| the best of all | အားလုံးအနက် အတော်ဆုံး | | |

## ၄။ ဖတ်ရန်စာ

**1 *Read.***

a Kyaw Kyaw: $\frac{75}{100}$ well

ကျော်ကျော်။ $\frac{၇၅}{၁၀၀}$ ကောင်း

| | | | |
|---|---|---|---|
| b | Aye Aye: | $\frac{85}{100}$ | better |
| | အေးအေး။ | ၈၅/၁၀၀ | ပို၍ကောင်း |
| c | Zaw Zaw: | $\frac{94}{100}$ | best |
| | ဇော်ဇော်။ | ၉၄/၁၀၀ | အကောင်းဆုံး |
| d | Nila: | $\frac{44}{100}$ | badly |
| | နီလာ။ | ၄၄/၁၀၀ | ညံ့ |
| e | Tun Tun: | $\frac{9}{100}$ | worse |
| | ထွန်းထွန်း။ | ၉/၁၀၀ | ပို၍ညံ့ |
| f | Aung Aung: | $\frac{2}{100}$ | worst |
| | အောင်အောင်။ | ၂/၁၀၀ | အညံ့ဆုံး |

Kyaw Kyaw got 75. He did well in the exam.
ကျော်ကျော် ၇၅ မှတ် ရခဲ့သည်။ သူသည် စာမေးပွဲကို ကောင်းစွာ ဖြေနိုင်ခဲ့သည်။
Aye Aye got 85. She did better than Kyaw Kyaw.
အေးအေး ၈၅ မှတ် ရခဲ့သည်။ သူမသည် ကျော်ကျော်ထက် ပို၍ကောင်းစွာ ဖြေနိုင်ခဲ့သည်။
Zaw Zaw got the highest marks. He did the best.
ဇော်ဇော် အမှတ်အများဆုံး ရခဲ့သည်။ သူသည် အကောင်းဆုံး ဖြေနိုင်ခဲ့သည်။
He was the best of all.
သူသည် အားလုံးအနက် အတော်ဆုံး ဖြစ်ခဲ့သည်။

Nila did badly.
နီလာသည် ညံ့ဖျင်းစွာ ဖြေခဲ့သည်။
Tun Tun did worse than Nila.
ထွန်းထွန်းသည် နီလာထက် ပို၍ညံ့ဖျင်းစွာ ဖြေခဲ့သည်။
Aung Aung was the worst.
အောင်အောင်သည် အညံ့ဖျင်းဆုံး ဖြစ်ခဲ့သည်။
He was the worst of all.
သူသည် အားလုံးအနက် အညံ့ဖျင်းဆုံး ဖြစ်ခဲ့သည်။

**2 *Make sentences like (a).***

a Kyaw Kyaw spoke clearly but Zaw Zaw spoke more clearly.
b She shouted loudly but the other pupils ______________.

c Zaw Zaw moved quickly but Aung Aung ______________________.
d He spoke rudely but his sister ______________________.
e Thida did well in the test but Nila ______________________.
f He wrote neatly but his sister ______________________.

*Answers*

b She shouted loudly but the other pupils shouted more loudly.
c Zaw Zaw moved quickly but Aung Aung moved more quickly.
d He spoke rudely but his sister spoke more rudely.
e Thida did well in the test but Nila did better.
f He wrote neatly but his sister wrote more neatly.

**3 *Make sentences like (a).***

a All the boys shouted loudly but Kyaw Kyaw shouted the most loudly.
b All the men drove carelessly but Ko Aye Maung ______________________.
c All the women spoke softly but Daw Than ______________________.
d They all worked hard but Zaw Zaw ______________________.
e They all speak politely but Aye Aye ______________________.

*Answers*

b All the men drove carelessly but Ko Aye Maung drove the most carelessly.
c All the woman spoke softly but Daw Than spoke the most softly.
d They all worked hard but Zaw Zaw worked the hardest.
e They all speak politely but Aye Aye speaks the most politely.

**4 *Read.***

**Ko Ko and Zaw Zaw**
**ကိုကို နှင့် ဇော်ဇော်**

Ko Ko and Zaw Zaw are brothers.
ကိုကိုနှင့် ဇော်ဇော်သည် ညီအစ်ကိုများ ဖြစ်ကြသည်။
Ko Ko is in Grade 9 but Zaw Zaw is in Grade 8.
ကိုကိုသည် အဋ္ဌမတန်း ဖြစ်သည်။ သို့သော် ဇော်ဇော်မှာ သတ္တမတန်း ဖြစ်သည်။
Everybody likes them.
လူတိုင်းက သူတို့ကို နှစ်သက်သည်။
They always speak politely to their parents, teachers and friends.
သူတို့သည် သူတို့၏ မိဘ၊ ဆရာ ဆရာမများနှင့် သူငယ်ချင်းများကို အမြဲ ယဉ်ကျေးသိမ်မွေ့စွာ ပြောကြသည်။
They can read and write very well.
သူတို့သည် အလွန်ကောင်းစွာ ရေးနိုင်၊ ဖတ်နိုင်ကြသည်။
They read clearly and loudly.
သူတို့သည် စာကို ကြည်ကြည်လင်လင်နှင့် ကျယ်ကျယ်လောင်လောင် ဖတ်ကြသည်။
They also enjoy doing sums.
ထို့ပြင်လည်း သူတို့သည် ဂဏန်းသင်္ချာပုစ္ဆာ တွက်ခြင်းကို နှစ်သက်ကြသည်။

They always do their sums carefully and correctly.
သူတို့သည် သူတို့၏ ဂဏန်းသင်္ချာပုစ္ဆာများကို အမြဲဂရုစိုက်၍ မှန်ကန်စွာ တွက်ကြသည်။

They can ride a bicycle.
သူတို့သည် စက်ဘီးစီးတတ်ကြသည်။
They swim and play football too.
သူတို့သည် ရေကူး၍ ဘောလုံးလည်း ကစားကြသည်။
They are good footballers.
သူတို့သည် ဘောလုံးသမားကောင်းများ ဖြစ်ကြသည်။

Last Saturday they and their friends played against Basic Education Middle School No. (16).
လွန်ခဲ့သော စနေနေ့က သူတို့နှင့် သူတို့၏ သူငယ်ချင်းများသည် အခြေခံပညာအလယ်တန်းကျောင်း အမှတ် (၁၆) နှင့် ရင်ဆိုင်၍ ကစားခဲ့ကြရသည်။
They played very carefully but the boys from No. (16) played carelessly.
သူတို့သည် အလွန်ဂရုစိုက်၍ ကစားခဲ့ကြသည်။ သို့သော် အမှတ် (၁၆) မှ လူကလေးများသည် အရေးမထားဘဲ ကစားခဲ့ကြသည်။
Ko Ko, Zaw Zaw and their friends won the game with three goals to one.
ကိုကို၊ ဇော်ဇော်နှင့် သူတို့၏ သူငယ်ချင်းများသည် ကစားနည်း(ပွဲ)ကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရခဲ့ကြသည်။
Everybody said that they played very well.
လူတိုင်းက သူတို့ အလွန်ကောင်းစွာ ကစားခဲ့ကြသည်ဟု ပြောခဲ့သည်။

***Answer the questions.***

a Who are the brothers in this story?
ဤပုံပြင်တွင် မည်သူတို့သည် ညီအစ်ကိုများ ဖြစ်ကြသနည်း။
b Who is in Grade 8?
မည်သူသည် သတ္တမတန်းတွင် ရှိသနည်း။
c Does everybody like them?
လူတိုင်းက သူတို့ကို နှစ်သက်သလား။
d Do they speak politely or rudely to their teachers?
သူတို့သည် သူတို့၏ ဆရာ ဆရာမများကို ယဉ်ကျေးသိမ်မွေ့စွာ ပြောကြသလား၊ ရိုင်းရိုင်းပျပျ ပြောကြသလား။
e What do Ko Ko and Zaw Zaw like doing?
ကိုကိုနှင့် ဇော်ဇော်သည် ဘာလုပ်ခြင်းကို နှစ်သက်ကြသနည်း။
f How do they do their sums?
သူတို့သည် ဂဏန်းသင်္ချာပုစ္ဆာများကို ဘယ်လို တွက်ကြသနည်း။
g How do they read?
သူတို့သည် ဘယ်လို စာဖတ်ကြသနည်း။
h How did they play football last week?
လွန်ခဲ့သောအပတ်က သူတို့သည် ဘောလုံးကို ဘယ်လို ကစားခဲ့ကြသနည်း။

i How did the boys from No. (16) play?
အမှတ် (၁၆) မှ လူကလေးများသည် ဘယ်လို ကစားခဲ့ကြသနည်း။

j What did everybody say about Ko Ko, Zaw Zaw and their friends' team?
ကိုကို၊ ဇော်ဇော်နှင့် သူတို့၏ သူငယ်ချင်းများ၏ အသင်းနှင့် ပတ်သက်၍ လူတိုင်းက ဘာပြောခဲ့သနည်း။

*Answers*

a In this story, Ko Ko and Zaw Zaw are the brothers.
ဤပုံပြင်တွင် ကိုကိုနှင့် ဇော်ဇော်သည် ညီအစ်ကိုများ ဖြစ်ကြပါသည်။

b Zaw Zaw is in Grade 8.
ဇော်ဇော်သည် သတ္တမတန်းတွင် ရှိပါသည်။

c Yes, everybody likes them.
ဟုတ်ကဲ့၊ လူတိုင်းက သူတို့ကို နှစ်သက်ပါသည်။

d They speak politely to their teachers.
သူတို့သည် သူတို့၏ ဆရာ ဆရာမများကို ယဉ်ကျေးသိမ်မွေ့စွာ ပြောကြပါသည်။

e Ko Ko and Zaw Zaw like doing sums.
ကိုကိုနှင့် ဇော်ဇော်သည် ဂဏန်းသင်္ချာပုစ္ဆာများ တွက်ခြင်းကို နှစ်သက်ကြပါသည်။

f They do their sums carefully and correctly.
သူတို့သည် ဂဏန်းသင်္ချာပုစ္ဆာများကို ဂရုစိုက်၍ မှန်ကန်စွာ တွက်ကြပါသည်။

g They read clearly and loudly.
သူတို့သည် စာကို ကြည်ကြည်လင်လင်နှင့် ကျယ်ကျယ်လောင်လောင် ဖတ်ကြပါသည်။

h Last week, they played football very carefully.
လွန်ခဲ့သောအပတ်က သူတို့သည် ဘောလုံးကို အလွန်ဂရုစိုက်၍ ကစားခဲ့ကြပါသည်။

i The boys from No. (16) played carelessly.
အမှတ် (၁၆) မှ လူကလေးများသည် အရေးမထားဘဲ ကစားခဲ့ကြပါသည်။

j Everybody said that Ko Ko, Zaw Zaw and their friends' team played very well.
ကိုကို၊ ဇော်ဇော်နှင့် သူတို့၏ သူငယ်ချင်းများ၏ အသင်း အလွန်ကောင်းစွာ ကစားခဲ့ကြောင်း လူတိုင်းက ပြောခဲ့ပါသည်။

## ၅။ သဒ္ဒါရှင်းလင်းချက်

## Degrees of Adverbs (ကြိယာဝိသေသန၏ အဆင့်အမျိုးမျိုး)

Adverb တွေမှာလည်း Adjective တွေမှာလိုပဲ Degree သုံးမျိုး ရှိတယ်။ Degree ပြောင်းနည်းလည်း ဆင်တူပါတယ်။

၁ အသံတစ်သံသာ ထွက်တဲ့ စကားလုံးတွေကို Degree ပြောင်းချင်ရင် နောက်မှာ er တို့, est တို့ ထည့်ပေးရတယ်။

| **Positive** | **Comparative** | **Superlative** |
|---|---|---|
| fast | faster | fastest |
| hard | harder | hardest |
| soon | sooner | soonest |

၂ အသံနှစ်သံနဲ့ နှစ်သံကျော်တဲ့ Adverb တွေရဲ့ ရှေ့မှာတော့ more တို့ most တို့ကို ထည့်ပေးရတယ်။

| | | |
|---|---|---|
| loudly | more loudly | most loudly |
| carefully | more carefully | most carefully |
| neatly | more neatly | most neatly |

၃ badly နဲ့ well မှာတော့ Degree တစ်မျိုးစီအတွက် သီးခြားပုံသဏ္ဌာန်တစ်ခုစီ ရှိတယ်။

| | | |
|---|---|---|
| badly | worse | worst |
| well | better | best |

မှတ်ချက်။ Superlative Degree ရှေ့မှာ အမြဲ the ထည့်ပေးရတယ်။

| | | | |
|---|---|---|---|
| the fastest | အမြန်ဆုံး | the most slowly | အနှေးဆုံး |
| the hardest | အကြိုးစားဆုံး | the most clearly | အကြည်လင်ဆုံး |
| the most loudly | အကျယ်လောင်ဆုံး | | |

### ၆။ နောက်ဆက်တွဲလေ့ကျင့်ခန်း

***Complete the following sentences as in (1).***

1 All the boys ran quickly but Zaw Zaw ran the most quickly.
2 All the girls spoke politely but Nu Nu ________________.
3 All the farmers worked hard but U Ba ________________.
4 All the students wrote clearly but Tun Tun ________________.
5 All the drivers drive carefully but U Aye ________________.
6 All the pupils read slowly but Kyaw Kyaw ________________.
7 All the footballers played well but Zaw Zaw ________________.
8 All the children wrote badly but Aung Aung ________________.
9 All the teachers spoke fast but Saya Sein ________________.
10 All the soldiers fought bravely but Hla Thaung ________________.

## LESSON 19 The Hare and the Tortoise

### ၁/ u si f [illegible] pu rjv [illegible]

| | | | |
|---|---|---|---|
| hare | ဟဲ(ယား) | n | (တော)ယုန် |
| tortoise | တောတဒ့(စ်) | n | လိပ် |
| as – as | | adv | မျှ၊ လောက်၊ သလောက် |
| per | ပါ | prep | (နှုန်း ဖော်ပြရာ၌ သုံးသော စကား) – လျှင် |
| m.p.h. | | | (= miles per hour) တစ်နာရီအမြန်နှုန်း |
| height | ဟိုက်(ထ်) | n | အမြင့်၊ အရပ် |
| cost | ကော့(စ်ထ်) | v | အဖိုးကျသင့်သည် |
| weight | ဝိတ်(ထ်) | n | အလေးချိန် |
| lbs = pounds | ပေါင်(န်ဒ်ဇ်) | n | ပေါင်များ |
| loaf | လိုး(ဖ်) | n | ပေါင်မုန့်လုံး(တစ်)လုံး |
| loaves | လိုး(ဗ်ဇ်) | n | ပေါင်မုန့်လုံးများ |
| shell | ရှက်(လ်) | n | အခွံ |
| back | ဘဲက်(ခ်) | n | ကျောပြင်၊ ကျောကုန်း |
| race | ရေး(စ်) | n | အပြေးပြိုင်ပွဲ |
| | | v | အပြေးပြိုင်သည် |

| | | | |
|---|---|---|---|
| win | ဝင်း(န်) | *v* | အနိုင်ရသည် |
| won | ဝမ်း(န်) | *v* | အနိုင်ရခဲ့သည် |
| foolish | ဖူးလစ်(ရှ်) | *adj* | စဉ်းစားဉာဏ်မရှိသော၊ မိုက်မဲသော |
| easily | အီးဇာ့လီ | *adv* | လွယ်လွယ်ကူကူ |
| ready | ရက်ဒီ | *adj* | အသင့်ဖြစ်သော |
| towards | တာ့ဝေါ့(ဒ်ဇ်) | *prep* | ဆီ၊ ဆီသို့၊ ဘက်သို့ |
| could | ကွတ်(ဒ်) | *modal v* | (လုပ်)နိုင်ခဲ့သည် |
| laughed | လား(ဖ်ထ်) | *v* | ရယ်သွမ်းသွေးခဲ့သည် |
| hurry | ဟတ်ရီ | *v* | လောသည် |
| lie | လိုင်း | *v* | လဲလျောင်းသည် |
| lay | လေး | *v* | လဲလျောင်းခဲ့သည် |
| rest | ရက်(စ်ထ်) | *n* | အနားယူခြင်း၊ အိပ်စက်ခြင်း |
| | | *v* | နားနေသည်၊ အိပ်သည် |
| sleep | စလီး(ပ်) | *v* | အိပ်သည်၊ အိပ်ပျော်သည် |
| | | *n* | အိပ်စက်ခြင်း |
| asleep | အစလီး(ပ်) | *adj* | အိပ်ပျော်နေသော |
| climbed | ကလိုင်း(မ်ဒ်) | *v* | မြင့်တက်လာခဲ့သည် |
| nearer | နီးယားရား | *adj* | ပို၍နီးကပ်သော |
| | | *adv* | ပို၍နီးကပ်စွာ |
| sad | ဆဲက်(ဒ်) | *adj* | ဝမ်းနည်းသော |
| string | စထရင်း(ဂ်) | *n* | ကြိုး |
| strong | စထရွန်း(ဂ်) | *adj* | ခိုင်ခံ့သော |
| rope | ရိုး(ပ်) | *n* | ကြိုး |

## ၂။ ကြိယာသဏ္ဌာန်များ

| | | | |
|---|---|---|---|
| cost | cost | costing | အဖိုးကျသင့်သည် |
| win | won | winning | အနိုင်ရသည် |
| lie | lay | lying | လဲလျောင်းသည် |
| let | let | letting | ခွင့်ပြုသည် |
| race | raced | racing | အပြေးပြိုင်သည် |
| laugh | laughed | laughing | ရယ်သွမ်းသွေးသည် |
| hurry | hurried | hurrying | လောသည် |

## ၃။ စကားလုံးတွဲများ


| | | |
|---|---|---|
| as old as Tun Tun | | ထွန်းထွန်းလောက် အသက်အရွယ်ရှိသော |
| as fast as the car | | ကားလောက် မြန်မြန် |
| as many buttons as the blue shirt | | ရှပ်အကျီအပြာလောက် ကြယ်သီးများများ |
| as much milk as Mu Mu | | မူမူလောက် နို့များများ |
| at 15 miles per hour | | တစ်နာရီလျှင် ၁၅ မိုင်နှုန်းဖြင့် |
| at 500 m.p.h. | | တစ်နာရီလျှင် မိုင် ၅၀၀ နှုန်းဖြင့် |
| one bottle of ink | | မင်တစ်ပုလင်း |
| a loaf of bread | | ပေါင်မုန့်လုံးတစ်လုံး |
| on its back | | ၎င်း၏ ကျောကုန်းပေါ်တွင် |
| as quickly as other animals | | အခြားတိရစ္ဆာန်များလောက် မြန်မြန် |
| let us | | ငါတို့ – ကြရအောင်။ ငါတို့ – ကြစို့ |
| towards the tree | | သစ်ပင်ဆီသို့ |
| lie down | *PHR V* | ခြေဆင်းလဲလူနေသည် |
| lay down | *PHR V* | ခြေဆင်းလဲလူနေခဲ့သည် |
| to have a little rest | | ခေတ္တအနားယူရန် |
| go after | *PHR V* | လိုက်သည် |

| | | | |
|---|---|---|---|
| went to sleep | အိပ်ပျော်သွားခဲ့သည် | into the sky | ကောင်းကင်သို့ |
| moved on | ဆက်လက် ရွေ့လျားခဲ့သည် | at last | *IDM* နောက်ဆုံးကျမှ |

## ၄။ ပြဋ္ဌာန်းစာအုပ်ပါ ဖတ်ရန်စာ


**1 *Read.***

| Tin Tun | Tun Tun | Myint Soe |
|---|---|---|
|  | | |
| 10 years | 10 years | 12 years |

| | | |
|---|---|---|
|  | | |
| 15 m.p.h. | 15 m.p.h. | 500 m.p.h. |

Tin Tun is ten years old.
တင်ထွန်းသည် အသက် ၁၀ နှစ် အရွယ် ဖြစ်သည်။
Tun Tun is ten, too, but Myint Soe is twelve.
ထွန်းထွန်းသည်လည်း (အသက်) ၁၀ နှစ် ဖြစ်သည်။ သို့သော် မြင့်စိုးသည် (အသက်) ၁၂ နှစ် ဖြစ်သည်။
Tin Tun is as old as Tun Tun.
တင်ထွန်းသည် ထွန်းထွန်းလောက် အသက်ကြီးသည်။
Tin Tun is not as old as Myint Soe.
တင်ထွန်းသည် မြင့်စိုးလောက် အသက်မကြီးပါ။

The bicycle is moving at 15 miles per hour.
စက်ဘီးသည် တစ်နာရီလျှင် ၁၅ မိုင်နှုန်းဖြင့် သွားနေသည်။
The car is also moving at 15 m.p.h. but the aeroplane is moving at 500 m.p.h.
မော်တော်ကားသည်လည်း တစ်နာရီလျှင် ၁၅ မိုင်နှုန်းဖြင့် သွားနေသည်။ သို့သော် လေယာဉ်သည် တစ်နာရီလျှင် မိုင် ၅၀၀ နှုန်းဖြင့် သွားနေသည်။
The bicycle is moving as fast as the car.
စက်ဘီးသည် မော်တော်ကားလောက် မြန်မြန် သွားနေသည်။
It is not moving as fast as the aeroplane.
၎င်းသည် လေယာဉ်လောက် မြန်မြန် သွားမနေပါ။

| red shirt | blue shirt | green shirt |
|---|---|---|
|  | | |
| 3 buttons | 3 buttons | 4 buttons |

| San San | Mu Mu | Thida |
|---|---|---|
|  | | |
| 2 glasses | 2 glasses | 4 glasses |

The red shirt has three buttons.
ရှပ်အင်္ကျီအနီတွင် ကြယ်သီး ၃ လုံး ပါသည်။
The blue shirt has three buttons too, but the green shirt has four buttons.
ရှပ်အင်္ကျီအပြာတွင်လည်း ကြယ်သီး ၃ လုံး ပါသည်။ သို့သော် ရှပ်အင်္ကျီအစိမ်းတွင် ကြယ်သီး ၄ လုံး ပါသည်။
The red shirt has as many buttons as the blue shirt.
ရှပ်အင်္ကျီအနီမှာ ရှပ်အင်္ကျီအပြာလောက် ကြယ်သီးများများ ပါသည်။
The red shirt does not have as many buttons as the green shirt.
ရှပ်အင်္ကျီအနီမှာ ရှပ်အင်္ကျီအစိမ်းလောက် ကြယ်သီးများများ မပါချေ။

San San has two glasses of milk.
စန်းစန်းတွင် နို့နှစ်ခွက် ရှိသည်။
Mu Mu has two glasses of milk too, but Thida has four glasses of milk.
မူမူတွင်လည်း နို့နှစ်ခွက် ရှိသည်။ သို့သော် သီတာတွင် နို့လေးခွက် ရှိသည်။
San San has as much milk as Mu Mu.
စန်းစန်းတွင် မူမူလောက် နို့များများ ရှိသည်။
San San does not have as much milk as Thida.
စန်းစန်းတွင် သီတာလောက် နို့များများ မရှိပါ။

**2 *How many meaningful sentences can you make?***

| | | | | | |
|---|---|---|---|---|---|
| Kyaw Kyaw<br>The boys | writes<br>does not write<br>write<br>do not write | as | fast<br>quickly<br>badly<br>neatly<br>carefully<br>carelessly<br>clearly | as | Nila. |

*Answers*

1 Kyaw Kyaw writes as fast as Nila.
2 Kyaw Kyaw writes as quickly as Nila.
3 Kyaw Kyaw writes as neatly as Nila.
4 Kyaw Kyaw writes as carefully as Nila.
5 Kyaw Kyaw writes as clearly as Nila.
6 Kyaw Kyaw does not write as badly as Nila.
7 Kyaw Kyaw does not write as carelessly as Nila.
8 The boys write as fast as Nila.
9 The boys write as quickly as Nila.
10 The boys write as neatly as Nila.
11 The boys write as carefully as Nila.

*Answers*

a Aung Aung has as much bread as Tun Tun.
Aung Aung does not have as much bread as Myint Soe.

b Aye Aye has as much tea as Su Su.
Aye Aye does not have as much tea as Thida.


c April has as many days as June.
April does not have as many days as March.

d Kyaw Kyaw has as many rulers as Zaw Zaw.
Kyaw Kyaw does not have as many rulers as Tun Tun.

***5 Read and answer the questions.***

## The Hare and the Tortoise

## ယုန် နှင့် လိပ်



A hare can run very fast.
ယုန်သည် အလွန်မြန်မြန် ပြေးနိုင်သည်။
A tortoise moves very slowly.
လိပ်သည် အလွန်နှေးနှေး သွားသည်။
It carries a heavy shell on its back.
၎င်းသည် လေးလံသော အခွံကို သူ၏ကျောကုန်းပေါ်တွင်
သယ်ဆောင်ရသည်။
It cannot move as quickly as other animals.
၎င်းသည် အခြားတိရစ္ဆာန်များလောက် မြန်မြန် မသွားနိုင်ချေ။

One morning a hare said to a tortoise, "I can run faster than you. You are a very slow animal."
တစ်ခုသောနံနက်တွင် ယုန်သည် လိပ်ကို "ကျွန်ုပ် သင့်ထက် ပိုမြန်မြန် ပြေးနိုင်တယ်။ သင်ဟာ သိပ်နှေးတဲ့ တိရစ္ဆာန်ပဲ" ဟု ပြောခဲ့သည်။

"Yes," said the tortoise.
"ဟုတ်ပါတယ်" ဟု လိပ်က ပြန်ပြောခဲ့သည်။
"I cannot run as fast as you. But let us have a race. I will race you and I will win. I will run faster than you."
"ကျွန်ုပ် သင့်လောက် မြန်မြန် မပြေးနိုင်ဘူး။ ဒါပေမဲ့ ကျွန်ုပ်တို့ အပြေးပြိုင်ကြရအောင်။ ကျွန်ုပ် သင့်ကို ပြိုင်ပြေးပြီး အနိုင်ယူမယ်။ ကျွန်ုပ် သင့်ထက် ပိုမြန်မြန် ပြေးပြမယ်"

"You are foolish," said the hare. "I will win easily. Let us race to that tree. Are you ready? Go!"
"သင်ဟာ စဉ်းစားဉာဏ်မရှိဘူး" ဟု ယုန်က ပြောလိုက်သည်။ "ကျွန်ုပ် လွယ်လွယ်ကူကူ နိုင်လိမ့်မယ်။ ကျွန်ုပ်တို့ ဟိုသစ်ပင်အထိ အပြေးပြိုင်ကြစို့။ သင် အသင့် ဖြစ်ပြီလား။ ပြေးပေတော့"

The tortoise began walking slowly towards the tree.
လိပ်သည် သစ်ပင်ဆီသို့ နှေးနှေး စတင် လျှောက်သွားခဲ့သည်။
He could not go fast.
သူသည် မြန်မြန် မသွားနိုင်ချေ။
But he did not stop.
သို့သော် သူသည် မရပ်ခဲ့ပါ။
The hare laughed.
ယုန်သည် ရယ်သွမ်းသွေးခဲ့သည်။


"I will not hurry," he said.
"ငါ လောမှာ မဟုတ်ဘူး" ဟု သူက ပြောလေသည်။
"I will lie down to have a little rest. Then I will go after the tortoise and win the race. I can run faster than the tortoise."
"ငါ ခေတ္တအနားယူဖို့ ခြေဆင်းလဲလူဦးမယ်။ နောက်တော့ လိပ်ရဲ့နောက်က လိုက်သွားပြီး အပြေးပြိုင်ပွဲကို အနိုင်ယူမယ်။ ငါက လိပ်ထက် ပိုမြန်မြန် ပြေးနိုင်တယ်"

The hare lay down and went to sleep.
ယုန်သည် ခြေဆင်းလဲလူလိုက်ပြီး အိပ်ပျော်သွားခဲ့သည်။
The tortoise moved slowly on.
လိပ်သည် နှေးနှေး ဆက်သွားခဲ့သည်။
The sun climbed higher into the sky.
ကောင်းကင်တွင် နေသည် ပို၍မြင့်တက်လာခဲ့သည်။
The tortoise slowly moved nearer to the tree but the hare was asleep.
လိပ်သည် နှေးနှေးလာရာ သစ်ပင်နှင့် ပို၍နီးလာခဲ့သည်။ သို့သော် ယုန်သည် အိပ်ပျော်နေခဲ့သည်။



At last the hare woke up.
နောက်ဆုံးကျမှ ယုန် နိုးလာခဲ့သည်။
"Now I will run to the tree and win the race," he said.
"အခု ငါ သစ်ပင်ဆီသို့ ပြေးသွားပြီး အပြေးပြိုင်ပွဲကို အနိုင်ယူမယ်" ဟု ပြောလေသည်။
He ran quickly to the tree but the tortoise was there.
သူသည် သစ်ပင်ဆီသို့ မြန်မြန် ပြေးသွားခဲ့သည်။
သို့သော် လိပ်သည် ထိုနေရာသို့ ရောက်နှင့်နေပြီ။

"I am slow," said the tortoise, "but I won the race."
"ကျွန်ုပ်ဟာ နှေးတယ်။ ဒါပေမဲ့ အပြေးပြိုင်ပွဲမှာ ကျွန်ုပ် အနိုင်ရခဲ့တယ်" ဟု လိပ်က ပြောလိုက်သည်။



*Questions*

| | | |
|---|---|---|
| a | Which animal runs fast? | ဘယ်တိရစ္ဆာန်သည် မြန်မြန် ပြေးသနည်း။ |
| b | Which animal moves slowly? | ဘယ်တိရစ္ဆာန်သည် နှေးနှေး သွားသနည်း။ |
| c | What does a tortoise carry? | လိပ်သည် ဘာကို သယ်ဆောင်ရသနည်း။ |
| d | Is the shell heavy? | အခွံသည် လေးသလား။ |
| e | Where did they race? | သူတို့ ဘယ်မှာ အပြေးပြိုင်ခဲ့ကြသနည်း။ |
| f | What did the tortoise do? | လိပ်သည် ဘာလုပ်ခဲ့သနည်း။ |
| g | What did the hare do? | ယုန်သည် ဘာလုပ်ခဲ့သနည်း။ |
| h | Which animal moved slowly? | ဘယ်တိရစ္ဆာန်သည် နှေးနှေး သွားခဲ့သနည်း။ |
| i | Which animal ran quickly? | ဘယ်တိရစ္ဆာန်သည် မြန်မြန် ပြေးခဲ့သနည်း။ |
| j | Which animal won? | ဘယ်တိရစ္ဆာန်သည် အနိုင်ရခဲ့သနည်း။ |

*Answers*

a The hare runs fast. ယုန်သည် မြန်မြန် ပြေးပါသည်။

b The tortoise moves slowly. လိပ်သည် နှေးနှေး သွားပါသည်။

c A tortoise carries a shell on its back.
လိပ်သည် သူ၏ကျောကုန်းပေါ်တွင် အခွံတစ်ခုကို သယ်ဆောင်ရပါသည်။

d Yes, the shell is heavy. ဟုတ်ကဲ့၊ အခွံသည် လေးပါသည်။

e They raced to a tree သူတို့သည် သစ်ပင်တစ်ပင်ဆီသို့ အပြေးပြိုင်ခဲ့ကြပါသည်။

f The tortoise began walking slowly towards the tree.
လိပ်သည် သစ်ပင်ဆီသို့ နှေးနှေး စတင် လျှောက်သွားခဲ့ပါသည်။

g The hare lay down and went to sleep.
ယုန်သည် ခြေဆင်းလဲလျောင်းလိုက်ပြီး အိပ်ပျော်သွားခဲ့ပါသည်။

h The tortoise moved slowly. လိပ်သည် နှေးနှေး သွားခဲ့ပါသည်။

i The hare ran quickly. ယုန်သည် မြန်မြန် ပြေးခဲ့ပါသည်။

j The tortoise won. လိပ်သည် အနိုင်ရခဲ့ပါသည်။

## ၅။ သဒ္ဒါရှင်းလင်းချက်

၁ တူညီတာတွေကို ဖော်ပြချင်တဲ့အခါ as + Adjective / Adverb + as ကို သုံးရတယ်။

1 Mg Mg is *as tall as* Aung Aung.
မောင်မောင်သည် အောင်အောင်လောက် အရပ်ရှည်သည်။

2 Mg Mg wrote *as quickly as* Aung Aung.
မောင်မောင်သည် အောင်အောင်လောက် မြန်မြန် စာရေးခဲ့သည်။

မတူညီတာတွေကို နှိုင်းယှဉ်ချင်ရင်တော့ not as + Adjective / Adverb + as ကို သုံးရတယ်။

1 Hla Hla is *not as fat as* Mya Mya.
လှလှသည် မြမြလောက် မဝပါ။